# မြန်မာ့တိုင်းရင်းဆေးပညာရှင်များနှီးနှောဖလှယ်ပွဲ

# ဖွင့်ပွဲအခမ်းအနား

# သဘာပတိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာရီရီမြင့် ပြောကြားမည့် အဖွင့်အမှာစကား

၃၀-၁၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)

မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲသို့ ကြွရောက်လာပါသော တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးနဲ့ နှီးနွယ်တဲ့ပညာရှင်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း၊ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

မနေ့ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်များရဲ့ ညီလာခံ ဖြစ်ပါတယ်။ ဒီကနေ့ အခမ်းအနားကတော့ တိုင်းရင်းဆေး ပညာရှင်များရဲ့ နှီးနှောဖလှယ်ပွဲ ဖြစ်ပါတယ်။ ညီလာခံရဲ့သဘောက နိုင်ငံတော်ရဲ့ မူဝါဒများ လိုအပ်ချက်များနဲ့ အညီ၊ တိုင်းရင်းဆေး ဆိုင်ရာ ဆောင်ရွက်အကောင်အထည်ဖော်ဖွယ်ရာ မူဝါဒ လုပ်ငန်း စဉ်များကို အဆိုတင်သွင်း/ထောက်ခံကြ ရတဲ့ သဘောဖြစ်ပါတယ်။ ဒီကနေ့မှာတော့ တိုင်းရင်းဆေးပညာရှင်များအဖြစ်၊ ဆရာကြီး/ ဆရာမကြီးတို့ရဲ့ ပညာရပ်ဆိုင်ရာ အမြော်အမြင်၊ အတွေ့အကြုံ

တွေနဲ့ ပွင့်ပွင့်လင်းလင်း၊ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခွင့်ရကြမှာ ဖြစ်ပါတယ်။

ဒီကနေ့ နှီးနှောဖလှယ်ပွဲရဲ့ နံနက်ပိုင်းအစီအစဉ်မှာ မနေ့က ညီလာခံမှာ အဆိုပြု/ထောက်ခံခဲ့ကြတဲ့ ခေါင်းစဉ်/ လုပ်ငန်းစဉ်များကို၊ ဘယ်လို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမလဲဆိုတဲ့ Action/Plan လို့ခေါ်တဲ့၊ အသေးစိတ်အစီအမံကို ဘယ်လိုချမှတ်မလဲ၊ အဲ့ဒီအစီအမံကို ဘယ်လို လက်တွေ့လုပ်ငန်းစဉ်နဲ့ အကောင်အထည်ဖော်မလဲ ဆိုတာတွေကို လူကြီးမင်းတို့ရဲ့ အသံ၊ အကြံဉာဏ်နဲ့ ဆန္ဒသဘောထားတွေနဲ့ ဆွေးနွေးဖလှယ်ကြဖို့ ဖြစ်ပါတယ်။ ဒါယခုနှစ်မှ စတင်စီစဉ်ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပူးပေါင်းဆောင်ရွက်/လက်တွဲဆောင်ရွက် ဆိုတာတွေကို ပြောပြရုံ မဟုတ်ဘဲ၊ လက်တွေ့ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျမတို့ ဦးစီးဌာနနဲ့ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်းသာမက၊ တိုင်းရင်းဆေးနဲ့ နှီးနွယ်တဲ့ ပညာရှင်များနဲ့ပါ ပူးပေါင်း ဆောင်ရွက်မှု ဖြစ်ပါကြောင်း ပြောကြားချင်ပါတယ်။

ဒီကနေ့ရဲ့ နေ့လယ်ပိုင်း အစီအစဉ်မှာ အားလုံး အစီအစဉ်စာအုပ်မှာ ဖတ်ရှုသိရှိပြီး ဖြစ်တဲ့အတိုင်း၊ ခေါင်းစဉ် (၃)ခုနဲ့ ပညာရပ်ဆိုင်ရာ ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ဆရာကြီး

ဦးသန်းညွန့်နဲ့ ဆရာကြီး ဦးသောင်းလွင်(ကလျာ)တို့က တိုင်းရင်းဆေး ပညာရပ်ကို သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ မျှဝေပေးမှာ ဖြစ်ပြီး၊ ဆရာ/ဆရာမများက မသိတာမေးမြန်းဆွေးနွေး၊ အကြံပြုနိုင်ပြီး၊ အမွေခံကြရ မှာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးက ပါမောက္ခဦးမောင်မောင်သက်ကတော့ ကျမတို့ဦးစီးဌာနရဲ့ တက္ကသိုလ် က လေ့ကျင့်မွေးထုတ်နေတဲ့ တိုင်းရင်းဆေးမျိုးဆက်များ အတွက်၊ သင်ကြားပို့ချနေတဲ့ သင်ခန်းစာ၊ သင်ရိုးညွှန်းတမ်းတွေကို တင်ပြမှာ ဖြစ်ပြီး၊ ယခုတက်ရောက်လာကြတဲ့ ပညာရှင်အသီးသီးက၊ ဝေဖန် ထောက်ရှု၊ အကြံပြုဆွေးနွေးကြဖို့ဖြစ်ပါတယ်။ ဒါဟာလည်း ပူးပေါင်း ဆောင်ရွက်မှု သဘောပဲ ဖြစ်ပါတယ်။

ကျမတို့ဦးစီးဌာနအနေနဲ့ မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့နေရာမှာ၊ ခေတ်စနစ်နဲ့အညီ၊ လူကြီးမင်းတို့ရဲ့ အကြံဥာဏ်များ၊ အတွေ့အကြုံများကို ရယူပြီး၊ မှတ်တမ်းတင်ထားမှာ ဖြစ်ပါတယ်။ အဲ့ဒီထဲက ချက်ချင်း ဆောင်ရွက်နိုင်တာတွေ၊ ရေရှည် စီမံဆောင်ရွက်ရမှာတွေကို အခြေနေပေးသ၍ တစ်ဆင့်စီ၊ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အသိပေးတင်ပြလိုပါတယ်။ ကျမတို့နဲ့ ယခုတက်ရောက်လာကြတဲ့ ဆရာကြီး/ဆရာမကြီးများဟာ ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း၊ အပြုသဘော

ဆောင်ပြီး၊ လက်တွဲပူးပေါင်း ဆောင်ရွက်ရင်း မြန်မာ့တိုင်းရင်းဆေးလောက၊ ဂုဏ်သတင်း မွေးပျံ့ရေးနဲ့အတူ၊ ပြည်သူလူထု ကျန်းမာရေးကို တိုင်းရင်းဆေးနဲ့ ပို၍ပို၍ စောင့်ရှောက်နိုင်ကြတဲ့ ပညာရှင်များဖြစ်ကြပါစေကြောင်း မေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။